## ၄။ သဒ္ဒါရှင်းလင်းချက်

၁. နာမဝိသေသန

နာမဝိသေသနသည်ဝါစကဖြစ်ပြီးN は adj です ဟူသောဝါကျတွင်နာမ်၏အခြေအနေကို ဖော်ပြ၍ နာမ်ကိုအထူးပြုသောစကားလုံးအဖြစ်အသုံးပြုသည်။
ဂျပန်ဘာသာတွင် い နာမဝိသေသနနှင့် な နာမဝိသေသနဟူ၍ နာမဝိသေသန၂မျိုးရှိသည်။

၂. **N は な-adj［な］です**
**N は い-adj（～い）です**

အတိတ်မဟုတ်သောအဟုတ်(/အငြင်းမဟုတ်)နာမဝိသေသနဝါကျကို です ဖြင့်အဆုံးသတ်သည်။ です သည်နာသူအပေါ် ယဉ်ကျေးပျူငှာသောအမူအရာကိုဖော်ပြသည်။

① ワット先生は 親切です。 ဆရာဝပ်က သဘောကောင်းပါတယ်။

② 富士山は 高いです。 ဖူဂျီတောင်က မြင့်မားပါတယ်။

၁) な-adj［な］じゃ（では） ありません
な နာမဝိသေသန၏အတိတ်မဟုတ်သောအငြင်း(/မဟုတ်)ဝါကျကို な နာမဝိသေသန၏ な မပါသောပုံစံ၌ じゃ（では） ありません ကိုတွဲ၍တည်ဆောက်သည်။

③ あそこは 静かじゃ（では） ありません。 အဲဒီနေရာက မတိတ်ဆိတ်ပါဘူး။

၂) い-adj（～い）です → ～くないです
い နာမဝိသေသန၏အတိတ်မဟုတ်သောအငြင်း(/မဟုတ်)ဝါကျကို い နာမဝိသေသန၏နောက်ဆုံးမှ い ကိုဖြုတ်၍ くないです ကိုတွဲခြင်းဖြင့်တည်ဆောက်သည်။

④ この 本は おもしろくないです。 ဒီစာအုပ်က စိတ်ဝင်စားဖို့မကောင်းပါဘူး။

[မှတ်ချက်] いいです ၏အငြင်းပုံစံသည် よくないです ဖြစ်သည်။

၃) ပြောင်းလဲပုံများ၏အချုပ်

| | な-နာမဝိသေသန | い-နာမဝိသေသန |
|---|---|---|
| အတိတ်မဟုတ်သောအဟုတ်ပုံစံ | しんせつです | たかいです |
| အတိတ်မဟုတ်သောအငြင်းပုံစံ | しんせつじゃ（では） ありません | たかくないです |

၄) နာမဝိသေသနစာကြောင်း၏အမေးဝါကျတည်ဆောက်ပုံမှာ နာမ်ဝါကျ (သင်ခန်းစာ-၁)၊ ကြိယာဝါကျ(သင်ခန်းစာ-၄)တို့နှင့်တူညီသည်။အဖြေတွင်နာမဝိသေသနကိုအသုံးပြု၍ဖြေဆိုရပြီး၊ そうです နှင့် ちがいます တို့ကိုအသုံးပြု၍ ဖြေဆိုခြင်းမျိုးမပြုရ။

⑤ ペキンは 寒いですか。 ပီကင်းက အေးပါသလား။
……はい、寒いです。 ......ဟုတ်ကဲ့၊ အေးပါတယ်။

⑥ 奈良公園は にぎやかですか。 နရ ပန်းခြံက စည်ကားပါသလား။
……いいえ、にぎやかじゃ ありません。 ......ဟင့်အင်း၊ မစည်ကားပါဘူး။

၃. **な-adj な N**
**い-adj（～い） N**

နာမ်ကိုအထူးပြုသောအခါနာမဝိသေသနကိုနာမ်၏ရှေ့တွင်ထားသည်။ な နာမဝိသေသနသည် な တွဲလျက်ရှိသောပုံစံဖြင့်နာမ်ကို အထူးပြုသည်။

⑦ ワット先生は 親切な 先生です。 ဆရာဝပ်က သဘောကောင်းတဲ့ဆရာဖြစ်ပါတယ်။



⑧ 富士山は 高い 山です。 ဖူဂျီတောင်က မြင့်မားတဲ့ တောင်ဖြစ်ပါတယ်။

၄. **～が、～**

が သည်ရှေ့တွင်ဖော်ပြပြီးသောအကြောင်းအရာနှင့်နောက်တွင်ဖော်ပြထားသောအကြောင်းအရာကိုဆန့်ကျင်ဘက်သမ္ဗန္ဓအဖြစ်ဖြင့်ဆက်သွယ်ပေးသည်။ကတ္တားပုဒ်များတူညီသောနာမဝိသေသနဝါကျတွင်ပြောသူသည်ရှေ့အဆစ်အပိုင်း၌အပေါင်းလက္ခဏာဆောင်(/အပြုသဘောဆောင်) သည့်တန်ဖိုးကိုရည်ညွှန်းထားပါက၊နောက်အဆစ်အပိုင်း၌အနုတ်လက္ခဏာဆောင်(/အဆိုးသဘောဆောင်) သည့်တန်ဖိုးကိုရည်ညွှန်းသောအရာလိုက်သည်။

⑨ 日本の 食べ物は おいしいですが、高いです。
ဂျပန် အစားအစာက စားလို့ကောင်းပေမယ့် ဈေးကြီးပါတယ်။

၅. **とても／あまり**

とても နှင့် あまり ၂ခုစလုံးသည်အတိုင်းအတာကိုဖော်ပြသောကြိယာဝိသေသနဖြစ်၍ နာမဝိသေသနကိုအထူးပြုသောအခါ နာမဝိသေသန၏ရှေ့တွင်ထားရသည်။ とても သည် "အလွန်" ဟူသောအဓိပ္ပာယ်ဖြင့်အဟုတ်(/အငြင်းမဟုတ်)ဝါကျအတွင်း၌အသုံးပြုသည်။ あまり ကိုအငြင်းပုံစံနှင့်အတူအသုံးပြု၍ "သိပ်" ဟူသောအဓိပ္ပာယ်ကိုဖော်ပြသည်။

⑩ ペキンは とても 寒いです。 ပီကင်းက အလွန် အေးပါတယ်။

⑪ これは とても 有名な 映画です。 ဒါက အလွန်နာမည်ကြီးတဲ့ ရုပ်ရှင်ဖြစ်ပါတယ်။

⑫ シャンハイは あまり 寒くないです。 ရှန်ဟိုင်းက သိပ် မအေးပါဘူး။

⑬ さくら大学は あまり 有名な 大学じゃ ありません。
ဆာကူရာတက္ကသိုလ်က သိပ် နာမည်ကြီးတဲ့ တက္ကသိုလ် မဟုတ်ပါဘူး။

၆. **N は どうですか**

N は どうですか ကိုနာသူ၏ကြုံတွေ့ဖူးသောအကြောင်းအရာ၊သွားရောက်ဖူးသောနေရာ၊ မြင်တွေ့ဖူးသောလူပုဂ္ဂိုလ်များ အပေါ် ထားရှိသည့်သဘောထား၊အထင်အမြင်၊အယူအဆတို့ကို မေးမြန်းရာတွင်အသုံးပြုသည်။

⑭ 日本の 生活は どうですか。 ဂျပန်မှာ နေရတာ ဘယ်လိုပါလဲ။
……楽しいです。 ......ပျော်ပါတယ်။

၇. **$N_1$ は どんな $N_2$ ですか**

どんな သည်လူပုဂ္ဂိုလ်နှင့်အရာဝတ္ထုတို့၏အခြေအနေနှင့်ဂုဏ်သတ္တိတို့ကိုမေးမြန်းသည့်အမေးစကားလုံးဖြစ်ပြီး၊နာမ်ကိုအထူးပြုသောပုံသဏ္ဌာန်ဖြင့်အသုံးပြုသည်။

⑮ 奈良は どんな 町ですか。 နရ က ဘယ်လို မြို့မျိုးပါလဲ။
……古い 町です。 ......မြို့ဟောင်း ပါ။

၈. **そうですね**

သင်ခန်းစာ-၅တွင်သဘောတူကြောင်း၊ ထပ်တူခံစားရကြောင်းကိုဖော်ပြသော そうですね အကြောင်းကိုလေ့လာခဲ့ပြီး ဖြစ်သည်။ ယခုသင်ခန်းစာ၏စကားပြောကဏ္ဍတွင် ⑯ ကဲ့သို့သော မေးခွန်းမျိုးအတွက်ပြောသူမှစဉ်းစားနေဆဲဖြစ်သည့်အကြောင်းကိုဖော်ပြရာတွင် そうですね ကိုအသုံးပြုသည်။

⑯ お仕事は どうですか。 အလုပ်အကိုင် ဘယ်လိုနေပါလဲ။
……そうですね。忙しいですが、おもしろいです。
......ဘယ်လိုပြောရပါ့မလဲ။ အလုပ်များပေမဲ့ စိတ်ဝင်စားဖို့တော့ ကောင်းပါတယ်။




8